# ဝါးတောကျေးရွာ

# မအူပင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဝါးတောကျေးရွာအုပ်စု၊ဝါးတောကျေးရွာ၊မအူပင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

ရက်စွဲ၊၂၀၂၃ခု၊စက်တင်ဘာ လ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | ဝါးတောကျေးရွာ သယံဇာတပြမြေပုံ ၊ရာသီခွင်ပြ ပြက္ခဒိန်၊အဖွဲ့အစည်းပြပုံ၊ မအူပင်မြို့နယ် | |
| ၁ | တည်နေရာနှင့် ပထဝီဝင် အနေအထား | |
| ၂ | ရာသီဥတု နှင့်သဘာဝအရင်းအမြစ်များ | |
| ၃ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၄ | စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ<br>(က) သီးနှံစိုက်ပျိုးရေး<br>(ခ) မွေးမြူရေးလုပ်ငန်း<br>(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ<br>(ဃ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆိုင်ရာဝန်ဆောင်မှု | |
| ၅ | အခြေခံ အဆောက်အဦ နှင့် ဝန်ဆောင်မှုများ<br>(က) ကျေးလက် သယ်ယူပို့ဆောင်ရေး<br>(ခ) ကျေးရွာမီးလင်းရေး<br>(ဂ) သတင်း နှင့် ဆက်သွယ်ရေး | |
| ၆ | ပညာရေး | |
| ၇ | ကျန်းမာရေး၊ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | |
| ၈ | ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | |
| ၉ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | |
| ၁၀ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) ဝမ်းစာဖူလုံမှုဇယား | |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဝါးတော ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သက်ဆိုင် ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤ စီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ

ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်

လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မအူပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်** တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၃ ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝါးတောကျေးရွာ
မအူပင်မြို့နယ်


ဝါးတောကျေးရွာအုပ်စု၊ ဝါးတောကျေးရွာ ၊ သယံဇာတပြမြေပုံ
ကက(ကြည်) လမ်း
ငါးကန်
ငါးကန်
ငါးကန်
ဓနုမြိုင်ငါးကန်လမ်း
သုသာန်လမ်း
မအူပင် - ဘားလှသောက် ကားလမ်းမ
ရွာလမ်း
ရွာလမ်း
ဆည်မြောင်း ရေကာတာ တာဘောင်
တိုးမြစ်
မ
အညွှန်း
- ဘုန်းကြီးကျောင်း
- စာသင်ကျောင်း
- အုပ်ချုပ်ရေးမှူးရုံး
- ဆေးပေးခန်း
- လူနေအိမ်
- တာဝါတိုင်
- သုသာန်
- တိုးမြစ်
- ကားလမ်း
- ရေမြောင်း
- ရေကာတာ ဘောင်
- တံတား

## ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | လများ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | ပြာသို | တပို့တွဲ | တပေါင်း | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် |
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | | | | | | | | | | | | |
| ၃ | လက်လုပ်လက်စားမိသားစု ဝင်ငွေရရှိမှု | နည်း ←→ | | များ | နည်း | ←→ | | များ | နည်း ←→ | | နည်း | များ ←→ | နည်း |
| ၄ | အသုံးစရိတ် | နည်း ←→ | | | | များ | | များ ←→ | | | နည်း | များ ←→ | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | | | ဖူလုံ | ဖူလုံ | | | | | | | | |
| ၆ | သောက်သုံးရေရရှိမှု | ရရှိ ←→ | | | | | | | | | | | ရရှိ |
| ၇ | တိရစ္ဆာန်ရောဂါကျရောက်မှု | | | | | | | | | | | ဝက် | |
| ၈ | ကျန်းမာရေးအခြေအနေ | | | | | | ရာသီ ကူးစက် | ရာသီတုပ် ကွေး | | | | | |
| ၉ | သီးနှံရောဂါကျရောက်မှု | [illegible] | [illegible] | | | | | | | | | အာလူးပုပ်ရောဂါ | |
| ၁၀ | ပွဲတော် | | ထမနဲ ပွဲ | | သင်္ကြန် [illegible] | | | | | | | ကထိန်ပွဲ | |
| ၁၁ | သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |



ဝါးတောကျေးရွာအုပ်စု၊ ဝါးတောကျေးရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံ (Venn Diagram)
ပဟမာန်အဖွဲ့
စထာပနာအဖွဲ့
ဂေါပကအဖွဲ့
မီးကော်မတီ
အဖွဲ့
အုပ်ချုပ်ရေးအဖွဲ့
လမ်းကော်မတီ
အဖွဲ့
ဖူလတန်အဖွဲ့
Des/DTHM /Kyae Nann

## အခန်း(၁)

### ၁။ တည်နေရာ နှင့် ပထဝီဝင် အနေအထား

ကျေးရွာသည် မအူပင်-ညောင်တုန်း ကားလမ်းဘေးတွင်တည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ ခရိုင် မြို့တော် မအူပင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ရွာ၏ အနောက်ဘက်တွင် တိုးမြစ် တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်း နှင့်စိုက်ပျိုးရေး လုပ်ငန်းများ ဖြစ်ကြပါသည်။ဒေသ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ (၁၁.၄၆")မှ (၂၁.၅၄") ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။မြေပြင်အနေထားမှာမြေပြန့်ဖြစ်ပြီး လယ်မြေများသည်။ စပါး စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် အတွက်အဓိက အားထားရာ ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား စိုက်ပျိုးသော ဒေသဖြစ်ပါသည်။

## အခန်း(၂)

### ၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေ ဧက (၈၄၀.၃၃)ရှိပြီး စပါးစိုက်ပျိုးမြေဧက(၆၉၁.၃၈)ရှိပါသည်။စပါးစိုက်ပျိုးမှု အနေဖြင့် မိုးစပါး တစ်ဧကလျှင် ပျမ်းမျှ(၆၅)တင်းနှင့်နွေစပါး တစ်ဧကလျှင် ပျှမ်းမျှ(၁၀၀)တင်း ထွက်ရှိ ပါသည်။ကိုင်းသီးနှံများလည်းစိုက်ပျိုးကြပြီး လုပ်သားခ၊ပိုးမွှားဖျက်စီးမှုနှင့် ဈေးကွက်နိမ့်ကျ မှုကြောင့် တောင်သူများအနေဖြင့် အရှုံးနှင့်ရင်ဆိုင်နေကြရသောကြောင့် စိုက်ပျိုးသီးနှံ အစားထိုးစိုက်ပျိုးနိုင်ရန် နည်းပညာနှင့်အကူအညီလိုအပ်ပါသည်။ဥယျာဉ်ခြံမြေ လုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပါသည်။

## အခန်း(၃)

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအဖွဲ့ (၇) ဖွဲ့ရှိပြီး ဂေါပကအဖွဲ့၊ ဆေးခန်းကော်မတီ၊ အမျိုးသမီးရေးရာ၊ကျောင်းကော်မတီ၊မီးလင်းရေးကော်မတီ၊နာရေးကူညီမှုအသင်း၊လမ်းကော် မတီ များရှိပါသည်။ဂေါပကအဖွဲ့သည် လုပ်ဆောင်မှု အကောင်းဆုံးဖြစ်ပြီး ကျန်

အဖွဲ့များ၏ လုပ်ဆောင်မှုမှာလည်း အသင့်အတင့်ကောင်းမွန်သည်ကိုတွေ့ရှိရပါသည်။ အဖွဲ့အချင်းချင်း ချိတ်ဆက်မှုအား အသင့်အတင့်ရှိပါသည်။ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု သင်တန်းများပို့ချပြီး စုပေါင်းဆောင်ရွက်ရန် လေ့ကျင့်ပေးနိုင်ပါက အဆင်ပြေနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအနေဖြင့် စိုက်ပျိုးရေးဘဏ်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော် အထောက်အပံ့ဖြင့် ငွေစုငွေချေး အဖွဲ့အစည်းများ လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

## အခန်း(၄)

## ၄။ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံနှင့်သားငါးထုတ်လုပ်ရေး

ကျေးရွာတွင်ငါးဖမ်းသူများမှာချောင်းမြောင်းနှင့် အင်းအိုင်များတွင် အခကြေးငွေပေး၍လုပ်ကိုင်နေကြပါသည်။အိမ်ထောင်စုအနည်းငယ်မှာ ငါးဖမ်းခြင်းလုပ်ငန်းကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းမှု့ကို ပြုလုပ်လုပ်ကိုင်နေကြပါသည်။ကျေးရွာတွင်စားသုံးရန်နှင့်လူနည်းစုတွင် ငါးပိ၊ငါးခြောက်များပြုလုပ်ကာ မြို့ပေါ်ဈေးကွက်များ တင်သွင်းရောင်းချခြင်းများလုပ်ကိုင်ကြပါသည်။စိုက်ပျိုးမြေဧက (၈၄၀.၃၃) ဧကသာ ရှိပြီး မိုးစပါး ၊နွေစပါး စိုက်ပျိုးဖြစ်ထွန်းပါသည်။မြေဆီလွှာအရည်အသွေးအနေဖြင့်အသင့်အတင့်သာကောင်းမွန်ပြီး ဓါတ်မြေသြဇာ၏ အသုံးပြုမှု များပြားခြင်း၊ စိုက်ပျိုးနည်းစနစ် အနေဖြင့် မိရိုးဖလာစနစ်ကိုသာ စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု များလည်းရှိပါသည်။မြေယာမဲ့အိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန်လိုအပ်ပါကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် ရာသီဥတုနှင့် မြေဆီလွှာ ကောင်းမွန်ပါသည်။မြို့ကြီးများသို့သွားရောက် လုပ်ကိုင်ကြသူများသောကြောင့် လုပ်သားရှားပါး ကြောင်းတွေ့ရှိရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ဝက်၊ ကြက်၊ဘဲနှင့် ဆိတ်၊နွားတိုကို့ အသင့်အတင့် မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ ရေချို

ငါးဖမ်း လုပ်ငန်းလုပ်ကိုင်သူ မရှိသလောက် ရှားပါးပါသည်။မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြေနေရာနှင့် ထုတ်ကုန်ဆေးကွက်ရှိသော် အရင်းအနှီးနည်းပါးခြင်း နည်းပညာအကူအညီနှင့် နည်းလမ်းများ မသိရှိခြင်းတို့ကြောင့် အခက်အခဲများရှိပါသည်။ စားကျက်မြေရှားပါး၍စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှုများအတွက်ဈေးကွေရရှိလာနိုင်လာနိုင်ပါကမွေးမြူရေးသားငါးထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် အဆင်ပြေနိုင်ကြောင်း တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ခေါင်းရွက်ဗျက်ထိုး၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ဈေးရောင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှုအနည်းအပါးမှအသင့်အနေအထားတွင်ရှိပါသည်။လက်လုပ် လက်စားလုပ်ငန်းများမှာ နွေရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် အခက်အခဲများရှိပါသည်။ အသက်မွေးဝမ်းကျောင်းဖြစ်သော စက်ချုပ်၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေးဝပ်ရှော့နှင့်ဆံပင်အလှပြင်လုပ်ငန်းသင်တန်းများ မြို့ပေါ်တွင် ရှိသော်လည်းသွားရောက်သင်ကြားနိုင်ခြင်းမရှိပါ။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အလွန်နည်းပါသည်။အိမ်ထောင်စုအနည်းငယ်သာ သင်တန်းသို့ တက်ရောက်နိုင်ပါသည်။ အိမ်ထောင်စုများတွင်လုပ်သားဦးရေများရှိသော်လည်းရွာတွင်အလုပ်အကိုင်အခွင့်အလမ်းမလုံ လောက်မှုကြောင့်ဝင်ငွေနည်းကြပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူအများစု သည်ရန်ကုန်မြို့သို့သွားရောက်ပြီးအမျိုးသားများအနေဖြင့် လက်သမားပန်းရံ စက်ရုံဝန်ထမ်း များအစရှိသည့် ကာယလုပ်သားအဖြစ်လည်းကောင်း ဆောင်ရွက်နေကြကြောင်း တွေ့ရှိရ ပါသည်။

**(ဃ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းလုပ်ကိုင်သူများအား အသေးစား ငွေချေးအဖွဲ့အစည်းများ မှလာရောက်၍ဖွဲ့စည်းပေးသောအဖွဲ့အစည်းများရှိပြီးထုတ်ချေးပေးသောချေးငွေကိုအတိုးနှုန်း အားဖြင့်ချေးငွေပမာဏ(၁၀၀၀၀၀)လျှင်(၂%)နှုန်းဖြင့် ချေငွေပေးချေရသည့်စနစ်ဖြင့် အပတ် စဉ်ပေးချေရသည့် ထုတ်ချေးပေးသော ငွေကြေးကိုကာလတိုအတွင်း ပြန်လည်ပေးသွင်းခြင်း ပုံစံဖြင့် ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အတိုးနှုန်းသက်သာသောနှစ်ရှည်ငွေချေးနှုန်းလို အပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**အခန်း(၅)**

**၅။ အခြေခံ အဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

(က) **ကျေးလက် သယ်ယူပို့ဆောင်ရေး**

ဝါးတောကျေးရွာ၏ လမ်းတည်ရှိမှု အနေဖြင့် ကျေးရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်ပြီး ပွင့်လင်းရာသီမှသာ လမ်းကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ရွာချင်းဆက်လမ်း များမှာလည်း မြေသားလမ်းဖြစ်ပြီး မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီကာလအတွင်း လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲပါသည်။၎င်းလမ်းအား ကွန်ကရစ်လမ်းပြုလုပ်ပေးပါက ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ပါသည်။ကျေးရွာတွင် ဓါတ်အားလိုင်းသွယ်တန်း ထားခြင်းမရှိဘဲ ဆိုလာသုံးစနစ်၊ဒီဇယ်အင်ဂျင်တို့ဖြင့် အသုံးပြုကြပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုများအတွက် လက်လှမ်းမှီ အသုံးပြု ကြပါသည်။အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက် အလက် ချိတ်ဆက်မှုမှုများအတွက် များစွာအသုံးဝင်ပါသည်။ကျေးရွာအနေဖြင့် လက်ကိုင် ဖုန်း အသုံးပြုရာ ဆက်သွယ်ရေးကောင်းမွန်ပါသည်။သယ်ယူပို့ဆောင်ရေးအတွက် ကုန်းလမ်း ကို အဓိကအသုံးပြုရကြောင်း တွေ့ရှိရပါသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များအနေဖြင့် မိုးရာသီတွင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ကား၊ ထော်လာဂျီများ ရှိပါသည်။ ပွင့်လင်းရာသီတွင် ကုန်းလမ်းကိုသာ အဓိကထား သုံးစွဲနေကြပါသည်။ အိမ်ထောင်စု အများစုမှာ ဆိုင်ကယ်ကို သာ အဓိကထား သွားလာကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင်မီးလင်းရေး အနေဖြင့် ဆိုလာနှင့် ဒီဇယ်အင်ဂျင်မီး အသုံးပြုကြပြီး လျှပ်စစ်မီးရရှိမည်ဆိုပါက လူနေမှု အဆင့်အတန်း မြင့်မားလာမည်ကို တွေ့ရှိရပါသည်။

**(ဂ) သတင်း နှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုများ အတွက် လက်လှမ်းမှီ အသုံးပြုကြပါသည်။ တစ်ရွာလုံး အတိုင်းအတာအနေဖြင့် လက်ကိုင် တယ်လီဖုန်းဆက်သွယ်ရေးမှာကောင်းမွန်ပါသည်။ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာ အခြေအနေ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**အခန်း(၆)**

**၆။ ပညာရေး**

ကျေးရွာတွင် အထက်တန်း(ခွဲ)စာသင်ကျောင်းရှိပါသည်။ ပညာတက်မြောက်မှုနှုန်းမှာ အသင့်အတင့်ရှိပြီး စာမတက်သူဦးရေး အနည်းငယ် ရှိပါသည်။ကျေးရွာတွင် ကျောင်းတက် နေသော စာရင်းအရ မူလတန်း ပညာရေးတွင် ကျောင်းသား/သူ ပေါင်း (၁၀၀)ဦး၊ အလယ်တန်းပညာရေးတွင်(၁၄၇)ဦး၊အထက်တန်းတွင် (၂၁၂)ဦး၊တက္ကသိုလ် ကျောင်းသား/ သူ (၂၄)ဦး စုစုပေါင်း ပညာသင်ကြားနေသော ကျောင်းသားပေါင်း(၄၈၃)ဦး အတန်းပညာ တက်ရောက်သင်ကြားနေကြောင်း တွေ့ရှိရပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက် ပညာသင်ကြားကြကြောင်း တွေ့ရှိရပါသည်။ကျောင်းသုံး ပရိဘောဂနှင့် ကျောင်းသား/သူများအတွက် သင်ထောက်ကူပစ္စည်းများ လိုအပ်နေပါကြောင်း၊ ကျောင်း အာဟာရ တိုက်ကျွေးမှု အနေဖြင့် တိုက်ကျွေးမှု ရှိကြောင်း တွေ့ရှိရပါသည်။ကျောင်းသူ/သား များအတွက် အားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမှီမှု မရှိပါကြောင်း တွေ့ရပါသည်။ ဘွဲ့ရပညာတတ်ဦးရေ အလွန်နည်းကြောင်းတွေ့ရှိရပါသည်။။။ ဆင်းရဲသောမိသားစုများ အတွက် ကျောင်းစရိတ် ထောက်ပံ့ငွေများ အသင့်အတင့်ရှိပါသည်။ မိဘဆရာ အသင်းမှ စုံညီပွဲတော်များတွင် ငွေအား/လူအား ဖြင့် ကူညီဆောင်ရွက်ကြောင်း တွေ့ရပါသည်။

## အခန်း(၇)

## ၇။ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်ရာသီအလိုက်ဖြစ်ပွားသောရောဂါမှလွဲ၍ ကျန်ရောဂါများဖြစ်ပွားမှု မရှိသလောက် နည်းပါးကြောင်းတွေ့ရပါသည်။ ကျေးရွာမှ သောက်သုံးရေအတွက် မြစ်ရေနှင့် ချောင်းရေများကို အသုံးပြုကြရပါသည်။ ဆီးချို၊သွေးတိုးရောဂါများ အနည်းငယ် ဖြစ်ပွားကြောင်းတွေ့ရပါသည်။အုပ်စုတာဝန်ကျဆရာများမှ ကိုယ်ဝန်ဆောင်မိခင်များ၊ကလေးသူငယ်များ ၊ကျန်းမာရေးနှင့် ပတ်သက်၍ ကာကွယ်ဆေးများကို စီမံချက်များအလိုက် ထိုးနှံပေးကြောင်းတွေ့ရှိရပါသည်။ အာဟာရပညာပေး အစီအစဉ်များ ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းနှင့် ကျေးရွာနှင့်(၁)မိုင်ခန့်အတွင်း ကွာဝေးပါသည်။ အိမ်ထောင်စုအများစုသည် မြစ်/ချောင်းရေကိုသာ အဓိကထားသုံးစွဲနေကြောင်း သိရှိရပါသည်။ အိမ်ထောင်စုအများစုမှာ တွင်း/ဇလားအိမ်သာသုံးစွဲကြောင်း တွေ့ရှိရပါသည်။

## အခန်း(၈)

## ၈။ ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝတွင်းထွက် သယံဇာတများ မရှိသလောက် ရှားပါးပါသည်။ သတ္တုနှင့် အခြားတွင်းထွက် ပစ္စည်းများ၊ကျောက်ခဲ၊ကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဘက်ဝင်အပင်အနည်းငယ်ရှိသော်လည်းအသုံးပြုမှုနည်းပါးပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ငါး၊ပုဇွန်၊ ဂဏန်း၊ ငါးရှဉ့်၊ မျှော့၊ ဖား၊လိပ်၊ခရု၊မြွေ၊ငှက်၊ တောက်တဲ့၊ပုတ်သင်ညို၊ ကင်းလိပ်ချော၊စသည့် မျိုးစိတ်များ တွေ့ရှိရပါသည်။စားကျက်မြေများ မရှိသော်လည်း တိရိစ္ဆာန် အစားများအား လယ်ဘေး ၊လမ်းဘေး မြတ်ခင်းပြင်များမှ ရရှိပါသည်။ကျေးရွာတွင် ဆင်းရဲ၍ မိသားစုများပြီး အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊မုဆိုးဖို တစ်ခုလပ်အိမ်ထောင်စုနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ကျေးရွာအတွင်း အလုပ်အကိုင်မရွေးဘဲ ကြုံရာကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ ချေးငွေရယူခြင်း၊ လုပ်အားခကြိုယူခြင်းများဖြင့် မိသားစု စားဝတ်နေရေးကို ဖြေရှင်းကြရကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊အခြားဒေသရှိ အထည်ချုပ်စက်ရုံများ၊ လက်သမားပန်းရန်လုပ်ငန်းများ စသည့်အားဖြင့် လုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။ကျေးရွာသည် အမှန်အားဖြင့် စားနပ်ရိက္ခာဖူလုံမှု ရှိသော်လည်း မြို့နယ်

အလိုက် စားနပ်ရိက္ခာပြတ်လပ်ပါက ထိခိုက်ပျက်စီးမှု အနေဖြင့် မြင့်နိုင်ပါသည်။ရာသီဥတုမှာ အသင့်အတင့်ကောင်းမွန်ပြီး မိုးဦးနှင့်မိုးနှောင်းကာလများတွင် မုန်တိုင်းဒဏ် အသင့်အတင့် ခံစားရလေ့ရှိပါသည်။ စိုက်ပျိုးမြေများမှာလည်း ထပ်မံတိုးချဲ့ရန် မရနိုင်တော့ဘဲ အကန့် အသက်ဖြင့်သာ ရှိပါသည်။လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပွင့်လင်းရာသီတွင် စက်ဘီး၊ ဆိုင်ကယ်ဖြင့် သွားလာနိုင်ပြီး မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှု ခံရနိုင်သည့် သူများအတွက် လုပ်စုလိုက်သတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနည်းကြောင်း တွေ့ရှိရပါသည်။လှည့်လည်သွားလာ၍ ဈေးရောင်းချ သူများ၊ လက်လုပ်လက်စားကျပန်းများအတွက် အလုပ်အကိုင် နည်းပါးသောကြောင့် ခံရ နိုင်ချေများပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာဗဟုသုတ အားနည်းကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် မြေဆီသြဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပြီး ဖျတ်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုမှာ  နည်းပညာများ လိုအပ်နေပါသည်။ရေအရင်းမြစ် အနေဖြင့် လို သလောက်သုံးစွဲနိုင်ပြီး စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုစနစ် မရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

### ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏ လူဦးရေမှာ(၁)နှစ်အောက် ကလေး အနည်းငယ်သာရှိပြီး  အလုပ်လုပ်နိုင် သောလူဦးရေမှာ ရွာလူဦးရေ၏ ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရပါသည်။  အလုပ်သမား ဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါကြောင်း  တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျား/မအလိုက်  လုပ်အားခပေးသော နှုန်းထားမှာ နည်းပါးကြောင်း တွေ့ရှိရပါ သည်။နေ့စားအလုပ်သမားအရေအတွက်မှာ အလွန်များပြားပါသည်။  မိသားစုများပြီး အလွန် ဆင်းရဲသော မိသားစုများတွင် ရရှိသော ဝင်ငွေနှင့် လုံလောက်မှု မရှိကြောင်းလည်း တွေ့ရှိရပါသည်။ စာမတတ်သူဦးရေနည်းပြီး စာတတ်သူဦးရေအသင့်အတင့်သာရှိ၍ ဘွဲ့ရ ပညာတတ်ဦးရေမှာ အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ အဆင်မပြေလည်သော အိမ်ထောင်စုများမှာ စားဝတ်နေရေးကြောင့် သားသမီးများ ကျောင်းမတက်နိုင်ပဲ ကျောင်းနေ အရွယ်မှာပင် အလုပ်ထွက်လုပ်ရကြောင်းတွေ့ရပါသည်။  ကျေးရွာတွင်  လူမှုရေး၊ သာရေး၊ နာရေး ကိစ္စများတွင် ကျေးရွာအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ ပါဝင် ဆောင်ရွက်ကြကြောင်းတွေ့ရှိရပါ  သည်။ကျေးရွာ၏ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ

ပါဝင်ခေါင်းဆောင်မှု မရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အမျိုးသမီးများ ပါဝင်မှုမှာ တက်တက်ကြွကြွ ရှိပါသည်။အမျိုးသမီးအကြမ်းဖတ်မှုများ မရှိသလောက် နည်းပါးပြီး၊ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထုအသိပညာ အားနည်းကြောင်း တွေ့ရှိရပါသည်။

## အခန်း(၁၀)

### ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

| | |
|---|---|
| ၁ | ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း |
| ၂ | ရေသန့်စင်စနစ်လိုအပ်ခြင်း |
| ၃ | နှစ်ရှည်ချေးငွေလိုအပ်ခြင်း |
| ၄ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |

## အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များနှင့် အခြေခံ၍ ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်အမည် | အဆင့် | လုပ်ငန်းအကောင်အထည်ဖော်မည့်နှစ် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
| ၁ | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ရေသန့်စင်စနစ်လိုအပ်ခြင်း | ၂ | | √ | | | |
| ၃ | နှစ်ရှည်ချေးငွေလိုအပ်ခြင်း | ၃ | | | √ | | |
| ၄ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၄ | | | | √ | |

## ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာများ()အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သော ထည့်ဝင်မှု၊ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှပ်နှံမှု အုပ်စုသတ်မှတ်ခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမာန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | လူသားချင်းစာနာမှု အထောက်အပံ့ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း | | √ | | | |
| ၂ | ရေသန့်စင်စနစ်လိုအပ်ခြင်း | | √ | | | |
| ၃ | နှစ်ရှည်ချေးငွေလိုအပ်ခြင်း | | √ | | | |
| ၄ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | √ | | | |

ဝါးတောကျေးရွာအုပ်စု၊ဝါးတောကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း မည့်နည်းလမ်းများ | အဆိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ရာသီမရွေးကုန်စည် စီးဆင်းသွားလာနိုင်မှု မရှိခြင်း | ကျေးရွာတွင်းလမ်း မကောင်းခြင်း | ရွာသူ/သားများစည်း လုံးမှုရှိခြင်း။ | လမ်းပြုပြင်ရန်ငွေကြေး လုံလောက်မှုရှိခြင်း | သက်ဆိုင်ရာဦးစီး ဌာနသို့တင်ပြ တောင်းခံခြင်း | ကွန်ကရစ်လမ်း ခင်းခြင်းစီမံချက် |
| ၂ | သောက်သုံးရေ သန့်ရှင့်မှု မရှိခြင်း | မြစ်ချောင်းရေကိုသာ သောက်သုံးနေရခြင်း | ငွေကြေးထည့်ဝင် သူများရှိခြင်း | ငွေကြေးအပြည့် အဝမရှိခြင်း | သက်ဆိုင်ရာဦးစီး ဌာနသို့ တင်ပြတောင်းခံခြင်း | ရေသန့်စက်တည် ဆောက်ခြင်းလုပ်ငန်း စီမံချက် |
| ၃ | ဆင်းရဲသောမိသားစုများ သောကြောင့် ဝင်ငွေ တိုးပွားမှုမရှိခြင်း | အရင်းအနှီး အခက်အခဲရှိခြင်း | တစ်နိုင်တစ်ပိုင် ရောင်ချစားသောက် ရန် စိတ်ပါဝင်စားသူ များပြားခြင်း | အလွယ်တကူ ချေးငွေမရရှိခြင်း | သက်ဆိုင်ရာဦးစီး ဌာနသို့ တင်ပြတောင်းခံခြင်း | နှစ်ရှည်ချေးငွေ လိုအပ်ခြင်းစီမံချက် |
| ၄ | တစ်နှစ်ပါတ်လုံး သွားလာရခက်ခဲခြင်း | ကျေးရွာခြင်းတောင်မြောက် ဆက်သွယ်သောလမ်း မကောင်းခြင်း | ရွာသူ/သားများစည်း လုံးမှုရှိခြင်း။ | လမ်းပြုပြင်ရန်ငွေကြေး လုံလောက်မှုရှိခြင်း | သက်ဆိုင်ရာဦးစီး ဌာနသို့ တင်ပြတောင်းခံခြင်း | ကွန်ကရစ်လမ်း ခင်းခြင်းစီမံချက် |

# ဝါးတောကျေးရွာအုပ်စု၊ဝါးတောကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကော်မတီစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ကိုကိုဝင်း | ဦးဝင်းမြင့် | ၁၄/မအပ(နိုင်)၁၈၃၄၄၇ | ၄၀ | ဥက္ကဌ | ၀၉-၄၅၀၀၁၇၇၁၃ |
| ၂ | ဦးဝင်းကျော် | ဦးစိန်ပေါ | ၁၄/မအပ(နိုင်)၂၄၁၃၂၉ | ၅၆ | အတွင်းရေးမှူး | ၀၉-၆၆၄၄၉၄၄၇၅ |
| ၃ | ဦးသစ်လွင် | ဦးသန်းစိန် | ၁၄/မအပ(နိုင်)၁၂၁၄၈၆ | ၅၆ | ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဌ | ၀၉-၆၈၈၅၆၆၇၃၆ |
| ၄ | ဦးချစ်ရင်ထူး | ဦးတင်ဝင်း | ၁၄/မအပ(နိုင်)၂၄၄၂၅၁ | ၃၂ | စာရင်းကိုင် | ၀၉-၆၈၁၁၈၂၀၅၆ |
| ၅ | ဦးနိုင်လင်း | ဦးသန်းစိန် | ၁၄/မအပ(နိုင်)၁၂၀၉၆၈ | ၅၆ | ဘဏ္ဍာရေးမှူး | ၀၉-၆၈၁၀၁၈၈၂၈ |
| ၆ | ဒေါ်မော်ဇင်ထွန်း | ဦးသန်းညွန့် | ၁၄/မအပ(နိုင်)၁၅၂၃၅၄ | ၆၀ | အဖွဲ့ဝင် | ၀၉-၆၈၆၈၁၀၅၇၉ |
| ၇ | ဒေါ်ဖြူဖြူညို | ဦးစိန်လှ | ၁၄/မအပ(နိုင်)၂၀၁၁၀၀ | ၄၂ | အဖွဲ့ဝင် | ၀၉-၆၈၁၉၁၅၈၉၅ |
| ၈ | ဒေါ်သန်းသန်းလှ | ဦးစံရ | ၁၄/မအပ(နိုင်)၂၂၃၄၃၀ | ၅၀ | အဖွဲ့ဝင် | ၀၉-၆၈၀၀၁၆၁၇၉ |
| ၉ | ဦးဖော်သန်းဦး | ဦးအုန်းခိုင် | ၁၄/မအပ(နိုင်)၂၀၁၁၂၆ | ၄၃ | အဖွဲ့ဝင် | ၀၉-၆၉၅၅၉၂၆၃၉ |
| ၁၀ | ဦးချစ်စိုး | ဦးချစ်ဆွေ | ၁၄/မအပ(နိုင်)၁၇၃၇၅၈ | ၄၄ | အဖွဲ့ဝင် | ၀၉-၄၀၄၉၆၅၄၇၆ |
| ၁၁ | ဦးချစ်ကို | ဦးစိန်လှကြိုင် | ၁၄/မအပ(နိုင်)၂၀၁၁၉၀ | ၃၅ | အဖွဲ့ဝင် | ၀၉-၄၅၆၆၄၀၅၀၆ |
| ၁၂ | ဦးကျော်နိုင် | ဦးမောင်ရွှေ | ၁၄/မအပ(နိုင်)၁၂၁၀၅၂ | ၅၄ | အဖွဲ့ဝင် | ၀၉-၄၀၃၀၂၇၃၀၀ |
| ၁၃ | ဦးလှမိုး | ဦးထွန်းအောင်ကြည် | ၁၄/မအပ(နိုင်)၁၆၀၉၉၃ | ၄၈ | အဖွဲ့ဝင် | ၀၉-၆၆၄၂၇၇၇၈၀ |
| ၁၄ | ဦးဝင်းငြိမ်း | ဦးသူတော် | ၁၄/မအပ(နိုင်)၁၂၀၉၅၂ | ၅၀ | အဖွဲ့ဝင် | ၀၉-၆၈၉၉၄၅၈၉၂ |
| ၁၅ | ဦးမြငွေ | ဦးသီး | ၁၄/မအပ(နိုင်)၀၈၆၄၉၁ | ၇၀ | အဖွဲ့ဝင် | ၀၉-၈၉၃၈၈၈၆၁၀ |
| ၁၆ | ဒေါ်လှ | ဦးသောင်းတင် | ၁၄/မအပ(နိုင်) | ၅၀ | အဖွဲ့ဝင် | ၀၉-၇၈၂၅၂၅၆၁၆ |
| ၁၇ | ဒေါ်တင်တင်လှ | ဦးတင်အေး | ၁၄/မအပ(နိုင်)၁၄၉၈၈၆ | ၅၁ | အဖွဲ့ဝင် | ၀၉-၇၉၃၁၉၈၂၀၁ |

နောက်ဆက်တွဲ (၃)

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

## (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

## ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၂ | ၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၂ | ၃၂ | ၅၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၀ | ၄၇ | ၉၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈၀ | ၆၃ | ၁၄၃ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၀ | ၅၆၆ | ၁၀၅၆ | ၁ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆၁ | ၆၄ | ၁၂၅ | | ၁ |
| စုစုပေါင်း | | ၇၀၆ | ၇၇၄ | ၁၄၈၀ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၈၄ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့် သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ် ၊၁၅နှစ်မှ ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီ အရွယ်၊အသက်၆၅နှစ်နှင့် အထက်ဆိုသည် မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိလူဦးရေ ကျား/မအချိုးမှာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် လူဦးရေအနည်းငယ်သာများပြားပြီး သက်ကြီးရွယ်အိုနှင့် ပညာ သင်ကြား နေသောအရွယ် အနည်းငယ်သာရှိပါသည်။ အလုပ်သမားဦးရေများပြားသော်လည်း အလုပ် အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ထို့ကြောင့်အလုပ်သမားဦးရေများပြားသောကြောင့် ကျေးရွာ တွင် စက်ရုံ၊ အလုပ်ရုံနှင့်နှင့် လုပ်ငန်းခွင်များဖော်ဆောင်ပေးရန် လိုအပ်ကြောင်း လေ့လာ တွေ့ရှိ

ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုဇွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၉ | ၁၈ | | ၁၀ | ၈ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၈၀ | ၁၈၈ | ၄ | ၉၈ | ၆၀ | ၅၀ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။**“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ ၏ “**ကိုယ်ပိုင်လုပ်ငန်း**”တွင်

ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများ နေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အရောင်းအဝယ်လုပ်ငန်း အဓိကအသက်မွေး ဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် မွေးမြူရေး၊ကျပန်းနှင့်ပြည်တွင်း/ ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်းရှိပြီး ကိုယ်ပိုင်လယ်ယာ လုပ်ငန်း လုပ်ကိုင်သူ(၁)ဦးသာရှိကြောင်းတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | - | ၁၀၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အများဆုံးလုပ်အားခရရှိသော အလုပ်သမားအရေ အတွက် နည်းပါးပြီးအလုပ်လည်းပုံမှန်မရှိပါ။ရာသီအလိုက်နေ့စားလုပ်ကိုင်သော အလုပ်သမား အရေအတွက် ရှားပါးပါသည်။ရာသီချိန်တွင် အလုပ်သမားအရေအတွက် ရှားပါးသော

အခက်အခဲများလည်း ရှိပါသည်။ထို့ကြောင့် **ဆင်းရဲသော** မိသားစုများတွင် ရရှိသော ဝင်ငွေနှင့် လုံလောက်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၆၉၁.၃၈ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁၂၀.၇၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၂၈.၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၈၄၀.၃၃** | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ် ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး** (သို့) **မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီး သန့် လျာ ထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောင်းရွာကျေးရွာတွင် စိုက်ပျိုးမြေဧက(၈၄၀.၃၃)ကို နှစ်စဉ်စိုက်ပျိုး ပြီး မိုးစပါးမှာ ရာသီဥတု မမှန်ခြင်းကြောင့် အထွက်နှုန်း နည်းပါးပါသည်။ ဥယျာဉ်ခြံနှင့် ကိုင်းကျွန်း မြေများတွင် ငရုတ်၊ပြောင်း၊ခရမ်း၊ငှက်ပျောနှင့်ရာသီကုန်သီးနှံများ စိုက်ပျိုးပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝသယံဇာတများ မရှိသလောက်ရှားပါးပါသည်။ ဓါတ်သတ္တုထွက်ရှိမှုမရှိပါ။သဘာဝ တိရစ္ဆာန်မျိုးစိတ်များကို အလွယ်တကူ တွေ့ရှိနိုင်ပါသည်။ သဘာဝ အပင်မျိုးစိတ်များကို တွေ့ရှိရနည်းပြီး လူတို့စိုက်ပျိုးထားသော ဈေးကွက်ဝင် ပင်များသာ စိုက်ပျိုးကြပါသည်။ တိရစ္ဆာန်မွေးမြူမှု အသင့်အတင့်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၈၀ | ၂၀၀ | ၇၀ | ၃၄ |
| | | | | |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ဝါးတောကျေးရွာတွင် အိမ်ခြေ(၃၈၄)လုံးရှိသည့်အနက် အဆင်ပြေသော အိမ်ထောင်စု(**၈**၀)စုချမ်းသာအဆင့်၊အလယ်အလက်ရှိ အိမ်ထောင်စု(**၂**၀၀)စု၊ ဆင်းရဲသော အိမ်ထောင် စု(**၇**၀)စု၊ အလွန်ဆင်းရဲသောအိမ်ထောင်စု(**၃၄**)စု ရှိပါသည်။ဆင်းရဲသော အိမ်ထောင်စုများပြားနေသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရန်အလုပ်အကိုင် အခွင့်အလမ်းများ လိုအပ်နေ သေးကြောင်း တွေ့ရှိရပါသည်။အလယ်အလက်ရှိသော အိမ်ထောင်စုများပြားသောကြောင့် စီးပွားရေးအသင့်အတင့် ကောင်းမွန်သော ကျေးရွာအဖြစ် တွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၅ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = _____၂______<br>ချေးယူ = _____၁____<br>လုပ်အားခကြိုယူ = _____၂____ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၂၀ | ၃ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | အထောက်အပံ့ယူ = _____၅______<br>ချေးယူ =_____၃_____<br>လုပ်အားခကြိုယူ = _____၁၂_____ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၀ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = _____၃______<br>ချေးယူ = ____၁_____<br>လုပ်အားခကြိုယူ = ______၆_____ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းဖြစ်သောအိမ်ထောင်စု(၃၅)စုအား လေ့လာရာတွင် ၃လအောက်ဝမ်းစာဖူလုံမှု အိမ်ထောင်စု (၅)စု၊(၃လနှင့်၆လကြားဝမ်းစာဖူလုံမှုအိမ်ထောင်စု (၂၀) စု ၆လ မှ ၁၂လအထိ ဝမ်းစာဖူလုံ မှု အိမ်ထောင်စု (၁၀)စုဖြစ်ကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေးမျိုးများနံမှ ချေးယူမှုရှိပြီး ကြုံရာကျပန်း လုပ်ကိုင်ခြင်း ၊လုပ်အားခကြိုယူခြင်း တို့ဖြင့် ဖြေရှင်းဆောင်ရွက်နေရပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

